## ဂျွန် ကဲလ်ဗင်

ဂျွန် ကဲလ်ဗင်သည် ပြင်သစ် ဘုန်းတော်ကြီး တစ်ပါး ဖြစ်၍၊ ဥပဒေပညာဖြင့် ဒေါက်တာဘွဲ့ရ တစ်ဦးလည်း ဖြစ်ပြီး၊ ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲသူ အဖြစ် ဘက်ပြောင်းခဲ့ကာ ပရိုတက်စ်တင့် ပြုပြင် ပြောင်းလဲရေး၏ ဒုတိယ မျိုးဆက်ဖြစ်၍၊ သူ၏ အယူအဆဆိုင်ရာ ကျမ်းကြီးဖြစ်သည့် ခရစ်ယာန် သာသနာ၏ အခြေခံ အုပ်မြစ် Institutes of the Christian Religion စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ပေသည်။ ၁၅၃၆ ခုနှစ်တွင် သူ့ကိုယ်သူ ဂျီနီဗာ၏ ပြုပြင်ပြောင်းလဲသော အသင်းတော်၏၊ ခေါင်းဆောင်တစ်ဦး အဖြစ် ထူထောင်၍၊ ဂျီနီဗာ သည် ၁၆ ရာစု၏ ဒုတိယ ထက်ဝက်တွင် ပြုပြင်ပြောင်းလဲရေး ဝါဒီ ခရစ်ယာန်များ၏ တရားဝင် မပြုသော ခရစ်ယာန် နေပြည်တော် ဖြစ်လာခဲ့ပေသည်။ ထိုနေပြည်တော်၌ မှတ်သားလောက်သော ပမာဏ ရှိသည့် အာဏာပိုင်များကို ခန့်အပ်၍ မြို့တော်ကောင်စီကို စီရင်ခဲ့ကာ၊ ပရိုတက်စ်တင့် ပုပ်ရဟန်း အဖြစ် ခေါ်တွင်စေခဲ့ ပေသည်။ သူသည် အကြီးအကဲနေရာကို တည်ထောင်၍၊ ထိုနေရာတွင် ပါစတာများ အကြီးအကဲများနှင့် ဘာသာရေးဆိုင်ရာ စည်းကမ်းနည်းလမ်းများကို ဂျီနီဗာ လူထုအတွက် ဖွဲ့စည်း ပညတ်ခဲ့ပေသည်။ ကဲလ်ဗင်၏ ဘာသာရေး သီအိုရီမှ သူ၏ အကြိုပန်းတိုင် သြဝါဒ ဆိုသည်က လူသိအများဆုံး ဖြစ်ပေသည်။ ၎င်းက အတွင်းပိုင်း ဆိုင်ရာအားလုံးမှ ဘုရားသခင်တွင်ရှိသည်၊ ကယ်တင်ခြင်းခံရမည့်သူ အတွက် ကြိုတင်ထောက်ပံ့ ထားမှုမှာ ရှိပြီး ဖြစ်သည် ဟူ၏။ အကြို ပန်းတိုင် အယူအဆသည် ကယ်လ်ဗင်၏ ကိုယ်ပိုင် ဒသန မဟုတ်ချေ။ ၎င်းသည် သူဆက်ခံခဲ့သည့် များစွာသော ပြုပြင်ပြောင်းလဲရေး ဝါဒီများ၏ အယူအဆသာ ဖြစ်ဟန်ရှိပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com